# သာမန်ကာလ (၂၁)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်ယောဟန် ၆း၆၀-၆၉

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ယောရှု ၂၄ မှာ အီဇရာအဲလ်လူမျိုးတွေ ဂတိထားတဲ့ကာနန်ပြည်ကို ရောက်ကြတဲ့အခါ ခေါင်းဆောင် ယောရှုက "မင်းတို့ အခုရောက်နေတဲ့ ကာနန်ပြည်က ကိုးကွယ်နေတဲ့ဘုရားတွေကို ကိုးကွယ်ကြမှာလား၊ ဒါမှမဟုတ် ငါတို့ ကျွန်ခံခဲ့တဲ့ အီဂျစ်ပြည်က နတ်ဘုရားတွေကိုပဲ ကိုးကွယ်ကြမှာလား။ ဒါမှမဟုတ် ငါတို့ကို တောကန္တာရမှာ နှစ်ပေါင်းများစွာ ကာကွယ်စောင့်ရှောက် ကျွေးမွေးထားတဲ့ထာဝရဘုရားကို ကိုးကွယ်ကြမှာလား" လို့ လူပရိတ်သတ်ကို မေးလိုက်ပါတယ်။ ကျနော်တို့လည်း ကိုယ့်ကိုယ်ကို မေးစရာလိုပါတယ်။ "ဘယ်ဘုရားကို ကိုးကွယ်မှာလဲ"

ကျနော်တို့ လူ့ဘဝမှာ မေးစရာလိုပါတယ်။ ကိုယ်ရွေးချယ်ကိုးကွယ်နေတဲ့ဘုရားသည် ဟုတ်မှန်တဲ့ဘုရား၊ တကယ်အသက်ရှင်နေတဲ့ဘုရား အသက်ပေးနိုင်တဲ့ဘုရား၊ ထာဝရအသက်ပေးနိုင်တဲ့ဘုရား၊ ကောင်းမြတ်တဲ့ဘုရား ဖြစ်ဖို့ လိုတာပေါ့။ ကိုးကွယ်တယ်ဆိုတာ ပါးစပ်ကလေးနဲ့ အပေါ်ယံပဲ ကိုးကွယ်နေတာမျိုး မဟုတ်ရပါဘူး။ ကိုယ့်ဘဝတစ်လျှောက်လုံး ဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံနေထိုင်ဖို့ လိုအပ်လှပါတယ်။ ယောရှုက အဲ့လို မေးလိုက်တဲ့အခါ အီဇရာအဲလ်လူမျိုးတွေက ထာဝရဘုရားကိုပဲ ကိုးကွယ်မယ်လို့ ပြန်ဖြေကြပါတယ်။ သင့်ရွေးချယ်မှုက သင့်ဘဝပါပဲ။ အဲ့ဒီလို ရွေးချယ်လိုက်ပြီဆိုရင် ကိုယ့်အကြိုက်ကို ကိုယ်လုပ်တာထက် ဘုရားရဲ့အကြိုက်/ဘုရားရဲ့အလိုတော်ကို လုပ်ဖို့က အရေးကြီးပါတယ်။ ဒါဟာ ဘုရားကို အပ်နှံပြီး နေထိုင်တယ်လို့ ခေါ်ပါတယ်။

ယနေ့ ဒုတိယကျမ်း ဧဖက်ဆုဩဝါဒစာမှာ လင်နဲ့ မယားက

တစ်ဦးကို တစ်ဦးက အပ်နှံပြီး နေထိုင်ဖို့ လိုအပ်ပါတယ်။ ဇနီးဖြစ်သူကလည်း အိမ်ထောင်ဦးစီးလင်ယောကျ်ားရဲ့ ဦးဆောင်မှုကို ခံယူပြီး လင်ယောကျ်ားဖြစ်တဲ့သူကလည်း အိမ်ထောင်ဦးစီးပီသစွာ ဇနီးနဲ့ သားသမီးတို့ကို ချစ်ဖို့ လိုအပ်ပါတယ်။ သခင်ယေရှုက အသင်းတော်ကို ချစ်သလိုပေါ့။ ဒါကြောင့် အိမ်ထောင်ရေးထဲမှာ တစ်ဦးကိုတစ်ဦး တန်ဖိုးထား ချစ်ခင်နေရပါမယ်။ ဒါဟာ ကိုယ့်ကြိုက်သလို ကိုယ်နေတာမျိုး မဟုတ်ပဲ သူတစ်ပါး အဆင်ပြေအောင် အနစ်နာခံပေးဆပ်တာကို တစ်ဦးကိုတစ်ဦး အပ်နှံပြီး နေတယ်လို့ခေါ်ပါတယ်။ ဇနီးက လင်ယောကျ်ားကို အပ်နှံပြီး နေသလို လင်ယောကျ်ားကလည်း ကိုယ့်ဇနီးအတွက် ကိုယ့်ဘဝကို အပ်နှံပြီး နေရမယ်။ မိဘတွေက သားသမီးအတွက် ဘဝကို အပ်နှံပြီးနေသလို သားသမီးတွေကလည်း မိဘအတွက် အပ်နှံပြီးနေထိုင်ရပါတယ်။ တစ်မိသားစုလုံးက ဘုရားကို ဦးထိပ်ပန်ထားပြီး ကိုးကွယ်နေတယ်ဆိုရင် တစ်ဦးအတွက်တစ်ဦး ပေးဆပ်အပ်နှံပြီးနေဖို့က မခက်တော့ပါဘူး။ သခင်ယေရှုလည်း သူ့တပည့်တော်ကြီးတွေအတွက်၊ လူအားလုံးအတွက် ပေးဆပ်အပ်နှံပြီး နေခဲ့တယ်မဟုတ်ဘူးလား၊ တပည့်တော်ကြီးတွေရဲ့ ခြေထောက်ကို ဆေးခြင်းအားဖြင့် သိသာပါတယ်။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ဧဝံဂေလိကျမ်း ရှင်ယောဟန် ၆ မှာ "သင်တို့သည် ငါ၏အသား၊ ငါ၏အသွေးကို မသောက်သုံးလျှင် သင်တို့၌ အသက်မရှိနိုင်ရာ" လို့ မိန့်တော်လိုက်တဲ့အခါ လူတွေက "သူ့အသားကို ငါတို့က ဘယ်လိုလုပ် စားရမှာလဲ" ဆိုပြီးတော့ နားမလည်နိုင်ဘူး၊ ဒါမဖြစ်နိုင်ဘူးဆိုပြီး သခင်ယေရှုထံမှ ထွက်ခွါသွားကြပါတော့တယ်။ လူတွေက သူတို့ မျှော်လင့်ထားတဲ့အတိုင်း ယေရှုဘုရားရှင်က တော်လှန်ရေးဘုရင် မဟုတ်လို့၊ လူတွေက သူတို့ မျှော်လင့်ထားတဲ့အတိုင်း ယေရှုဘုရားရှင်ရဲ့တရားတော်က ကိုယ့်တစ်ကိုယ်ကောင်းစိတ်

အလိုအတိုင်း နေထိုင်ရမှာမဟုတ်ပဲ သူတစ်ပါးအတွက် အနစ်နာခံ ပေးဆပ် ခွင့်လွှတ်နေရမှာ ဖြစ်လို့ သူတို့က ယေရှုဘုရားရှင်ကို စွန့်ခွါကြတော့တာပါပဲ။ ကျနော်တို့လည်း ယေရှုဘုရားရှင်ရဲ့ တရားတော်တစ်ချို့ကို နားမလည်လို့ဖြစ်စေ၊ သဘောမကျလို့ဖြစ်စေ ယေရှုဘုရားကို စွန့်ခွါသွားကြအုံးမှာလား။

အဲ့ဒီလို ဘုရားကို ငြင်းပယ်မည့်အစား ကိုယ်တော်ရဲ့တရားက ဘာကိုဆိုလိုတာလဲဆိုတာ နားလည်ဖို့ ပိုကြိုးစားပါ။ မေးမြန်းပါ။ အဲ့ဒီတရားတော်ကို ကိုယ့်ဘဝထဲမှာ ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာ စဉ်းစားဆင်ခြင်ပါ။ ဆုတောင်းပါ။ ဘုရားကိုတော့ မစွန့်လွှတ်ပါနဲ့။ စွန့်လွှတ်ရင် သင်တို့ပဲ လမ်းပျောက်ပါလိမ့်မယ်။ ယနေ့ကျမ်းစာမှာ ရှင်ပေတရုက သခင်ယေရှုကို ပြန်ဖြေသလိုပါပဲ။ သခင်ယေရှုက တပည့်တော်ကြီးတွေကို ''သင်တို့သည် သူတို့လို ငါ့ကို စွန့်ခွါထွက်သွားကြချင်သလား'' လို့ မေးတော်မူတဲ့အခါ တပည့်တော်ကြီး ရှင်ပေတရုက "တပည့်တော်တို့သည် မည်သူ့ထံသို့ သွားရမှာလဲ။ ထာဝရအသက်နဲ့ဆိုင်သောစကားသည် ကိုယ်တော်၌သာ ရှိပါ၏" လို့ မှန်ကန်စွာ ဖြေကြားလိုက်ပါတယ်။

လောကမှာ ဘဝတိုးတက်ရာတိုးတက်ကြောင်း ဟောပြောသူတွေ အများကြီးပါပဲ။ ဒါပေမဲ့ ထာဝရအသက်ပေးနိုင်တဲ့တရားစကားကတော့ ယေရှုဘုရားရှင်ထံမှာသာ ရှိပါတယ်။ ထာဝရအသက်ရချင်ရင်၊ ဘဝမှာ ကြွယ်ဝတဲ့အသက်တာနဲ့ ရှင်သန်ချင်ရင်၊ အသက်မူရင်းဖြစ်တော်မူတဲ့ ယေရှုဘုရားရှင်ထံ ချဉ်းကပ်ရပါလိမ့်မယ်။ ဘုရားရဲ့တရားတော်က ကျနော်တို့ နားလည်တာ၊ နားမလည်တာ အပထား၊ ကျနော်တို့က ယုံကြည်ကြရပါမယ်။ ကျနော်တို့ ခရစ်ယာန်တွေ ယုံကြည်တယ်ဆိုတာက ဘုရားကိုယ်တော်တိုင်က မိန့်တော်မူလို့ ယုံကြည်တာလေ။ နားလည်မှု၊ လက်တွေ့သက်သေပြနိုင်မှု ယုံကြည်တာမျိုး မဟုတ်ဘူး။

သေရာမှပြန်ရှင်နိုင်တဲ့ဘုရားက မိန့်တော်မူလို့ ယုံတာလေ။ ခင်ဗျားဘာဖြစ်လို့ ကိုယ်တော်မြတ်ကို ယုံနိုင်တာလဲ။ ဘုရားကိုယ်တိုင်မိန့်တော်မူလို့ ယုံကြည်တာပဲလေ။ လူတွေက ထာဝရအသက်ကို ရဖို့လိုက်လည်းရှာချင်ကြသေးတယ်၊ ယေရှုဘုရားရှင်ကိုလည်း ငြင်းပယ်ချင်ကြသေးတယ်။ ဘယ်လိုလုပ် ထာဝရအသက်ကို ရတော့မှာလဲ။

သင်က တရားတော်ကို နားမလည်နိုင်တဲ့အခါ၊ ကိုယ်တစ်ယောက်တည်း တွေဝေလမ်းစပျောက်နေတဲ့အခါ ဘုရားသခင်ကို စွန့်ခွါ ထွက်သွားချင်စိတ်ပေါက်လာတတ်ပါတယ်။ ဒီအခါ ဘုရားနဲ့သာ ပေါင်းစပ်ပါ။ ဘုရားထံ ဆုတောင်းခြင်းအားဖြင့် စကားပြောပါ။ ကျမ်းစာတွေကို ဖတ်ပြီး စဉ်းစားဆင်ခြင်ခြင်းအားဖြင့် ဘုရားရဲ့စကားတော်ကို နားထောင်ပါ။ ဘုရားနဲ့ အဆက်မပြတ်စေနဲ့။ သင့်ဘဝဟာ ပိုပြီး အဓိပ္ပါယ်ရှိလာပါလိမ့်မယ်။ ထာဝရအသက်ကို ပိုပြီး မျှော်လင့်တမ်းတလာနိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။